ငါကိုယ်တော်သည် အသင်တို့အနက် တစ်ဦးတစ်ယောက်အား

ငါကိုယ်တော်အတွက် အချစ်တော်၊အဆွေတော်အဖြစ်

သတ်မှတ်ခြင်းမှ အလ္လာဟ်အရှင်မြတ်ထံတွင်

ကင်းရှင်းတော်မူသည်။ အမှန်တကယ်ပင်

အလ္လာဟ်အရှင်မြတ်သည် အိဗ်ရာဟီမ်(အလိုင်းဟိစ္စလာမ်)အား (ခလီလ်)အချစ်တော်၊ အဆွေတော်အဖြစ် သတ်မှတ်ခဲ့သလို

ငါကိုယ်တော်အားလည်း အချစ်တော်၊ အဆွေတော်အဖြစ်

သတ်မှတ်တော်မူခဲ့သည်။

ဂျွန်ဒုဗ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မကွယ်လွန်မီငါးရက်အလိုတွင်
မိန့်ကြားတော်မူသည်ကို ကြားသိခဲ့ရသည်။ ငါကိုယ်တော်သည် အသင်တို့အနက်
တစ်ဦးတစ်ယောက်အား ငါကိုယ်တော်အတွက် အချစ်တော်၊အဆွေတော်အဖြစ် သတ်မှတ်ခြင်းမှ
အလ္လာဟ်အရှင်မြတ်ထံတွင် ကင်းရှင်းတော်မူသည်။ အမှန်တကယ်ပင် အလ္လာဟ်အရှင်မြတ်သည်အိဗ်ရာဟီမ်(အလိုင်းဟိစ္စလာမ်)အား (ခလီလ်)အချစ်တော်၊ အဆွေတော်အဖြစ်
သတ်မှတ်ခဲ့သလို ငါကိုယ်တော်အားလည်း အချစ်တော်၊ အဆွေတော်အဖြစ်
သတ်မှတ်တော်မူခဲ့သည်။ အကယ်၍ ငါကိုယ်တော်သည် ငါ၏နောက်လိုက်သားတို့အနက်မှ
အချစ်တော်၊ အဆွေတော်သတ်မှတ်ရမည်ဆိုလျှင် မုချအဗူဗကရ်(ရဿွိယလ္လာဟုအန်ဟု)အား
သတ်မှတ်မည်ဖြစ်သည်။ ကောင်းစွာသတိပြုကြလေကုန် အသင်တို့အလျင်ရှိခဲ့ကြသော
သူတို့သည် ၎င်းတို့နဗီတမန်တော်များ၊ သူတော်စင်များ၏ ကဗရ်သင်္ချိုင်းများကို
ဝတ်ပြုဦးချရာနေရာများအဖြစ် ပြုလုပ်ခဲ့ကြသည်။ ကောင်းစွာသတိပြုကြလေကုန်
သင်တို့သည် ကဗရ်သင်္ချိုင်းများကို ဝတ်ပြုဦးချရာနေရာများအဖြစ် မပြုလုပ်ကြနှင့်။
ဤကဲ့သို့ပြုလုပ်ခြင်းအား ငါကိုယ်တော် သင်တို့အား တားမြစ်တော်မူသည်။
[صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အလ္လာဟ်အရှင်မြတ်ထံတော်တွင်ရှိသည့်မိမိ၏ အဆင့်အတန်းကို အသိပေးပြောကြားခဲ့သည်။ ထိုအဆင့်သည် အချစ်၏ အဆင့်အတန်းများအနက်အမြင့်ဆုံးအဆင့်ဖြစ်ပြီး ထိုအဆင့်အတန်းအား တမန်တော် အိဗ်ရာဟီးမ် (အလိုင်းဟိစ္စလာမ်) ရခဲ့သည့်အတိုင်း ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်မြတ်သည်အလ္လာဟ်အရှင်မြတ်အပြင် မိမိတွင်အခြားအချစ်တော်၊ အဆွေတော်ရှိခြင်းကိုငြင်းဆိုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် မိမိ၏နှလုံးသားထဲတွင် အရှင်မြတ်၏အချစ်၊အရှင်မြတ်၏ကြီးကျယ်မှုနှင့် အရှင်မြတ်၏အသိတရားတို့ဖြင့် ပြည့်နှက်နေပြီးအလ္လာဟ်အရှင်မြတ်အပြင် အခြားသူအတွက် နေရာမရှိတော့ပေ။ အကယ်၍ ကိုယ်တော်သည် မိမိအတွက်အဖန်ဆင်းခံများအနက်မှ အချစ်တော်၊ အဆွေတော်သတ်မှတ်ရမည်ဆိုလျှင် ထိုသူသည်အဗူဗကရ်ဆွိဒ်ဒီက်(ရဿွိယလ္လာဟုအန်ဟု)သာဖြစ်လိမ့်မည်။ ထို့နောက် ကိုယ်တော်မြတ်သည်အချစ်နှင့်ပတ်သက်၍ ခွင့်ပြုထားသော အတိုင်းအတာကို ကျော်လွန်သည့် လုပ်ရပ်များကိုသတိပေးတားမြစ်တော်မူခဲ့သည်။ ထိုလုပ်ရပ်များကို ရဟူဒီ၊ နဆ်ွရာနီတို့က မိမိတို့၏

□□□□□□□□□□□□□□□□□□ □□□□□□□□□□□□□□□□ □□□□□□□□□□□□□□□□□□□